
စိတ်ကူးချိုချိုအနုပညာ



နေအိမ်တွင်းမှာ ဝင်ငွေရှာ စဉ်းစားစရာ

# ငွေရှာနည်း ၁၀၀



Ways to
Make Money

ရဲစတိုင်း–မြန်မာပြန်

## ၁။ သင့်အိမ်ရဲ့ အခန်းတစ်ခန်းကို အဆောင်အဖြစ်ငှားပါ

သင်နေထိုင်တဲ့ အိမ်ရဲ့ အခန်းတစ်ခန်းကို အဆောင်အဖြစ်ငှားရမ်းခြင်းက အမြန်ဆုံးနဲ့ အလွယ်ကူဆုံး ပိုက်ဆံရှာဖွေသည့် နည်းလမ်းများ ထဲမှ တစ်ခုပင်ဖြစ်သည် ။ ကောင်းမွန်တဲ့ သဘောတူညီချက်နဲ့ စတင်ပြုလုပ်နိုင်ပြီး မိမိဘက်က စိုက်အားအနည်းဆုံးပေးဖို့ သာ လိုအပ်ပါတယ်။

သင့်ရဲ့ အခန်းက ပရိဘောဂဆင်ယင်ထားခြင်းရှိမရှိ၊ မိန်းကလေး (သို့) ယောကျ်ားလေး မည်သူကို ငှားမည်၊ ဆေးလိပ်သောက်သူဆိုလျှင် မငှား၊ မသောက်သူသာလျှင် ငှားမည် စသည် ဖြင့် ကြော်ငြာရုံသာ လိုအပ်ပါတယ်။ ကြော်ငြာကို သတင်းစာရဲ့ ကြော်ငြာကဏ္ဍ သို့မဟုတ် တက္ကသိုလ်စာစောင် သို့မဟုတ် အင်တာနက်မှာ ကြော်ငြာလို့ ရပါတယ်။

လာရောက်လျှောက်သူတွေရှိပြီ ဆိုရင်တော့ အိမ်ရှင်၊ အိမ်ငှား အင်တာဗျူး ပြုလုပ်နိုင်ပြီ။ သင်ကြိုတင်စိတ်ကူးထားတဲ့ မေးခွန်းတွေ မေးလို့ရပြီး အခြေခံစည်းမျဉ်းလေးတွေ ချမှတ်လို့ ရပါပြီ။ အကယ်၍ တစ်စုံတစ်ယောက်ကို မှုမမှန်ဘူးလို့ ယူဆရင် သင့်ရဲ့ ကိုယ်ပိုင်အသိဉာဏ်ကို ယုံကြည်လိုက်ပါ။

ပရိဘောဂဆင်ယင်ပြီး အခန်းမျိုး သင့်မှာ ရှိတယ် ဆိုရင်တော့ အခြေခံလခထက် ပိုတောင်းလို့ ရပါပြီ။ အစားအသောက်အတွက်ပါ စီစဉ်ပေးမယ် ဆိုရင်တော့ ငွေကြေးပိုရမှာ ဖြစ်ပါတယ်။ သင်နေတဲ့ နေရာအပေါ် မူတည်ပြီး အခန်းငှားခ တစ်ပတ်ကို ကျပ် ၁၀၀၀၀ မှ ၂၀၀၀၀ ကျော်အထိ ရနိုင်ပါတယ်။

## ၂။ သင့်အိမ်ကို ရုပ်ရှင်ကုမ္ပဏီသို့ငှားပါ

ရုပ်ရှင်နဲ့ TV ဇာတ်လမ်းတွေ ထုတ်လုပ်တဲ့ နေရာတွေရဲ့ အနီးအနားမှာ သင်နေထိုင်တယ် ဆိုရင်တော့ သင့်အိမ်ကို ရှူတင်နေရာအဖြစ် ငှားရမ်းနိုင်ပါတယ်။ နေ့စဉ်နေ့တိုင်း သင့်အိမ်ကို တစ်နေ့လုံးအသုံးမပြုဘူးဆိုရင် ဒီနည်းလမ်းဟာလည်း ငွေအမြောက်အများ ရှာနိုင်တဲ့ နည်းတစ်ခုပါပဲ။

ရုပ်ရှင်ကုမ္ပဏီများ ဟာ စာချုပ်ကာလ ၆လ သို့မဟုတ် ၉ လထက်ပိုပြီး အိမ်တစ်အိမ်ကို ငှားလိုကြပါတယ်။ ဘယ်အချိန်မှ ညပဲဖြစ်ဖြစ် နေ့နေ့ညည သင့်အိမ်ဟာလှပနေမယ်ဆိုရင် ပိုကောင်းပါတယ်။ ဒါပေမဲ့ ငှားထားတဲ့ အချိန်အတွင်းမှာ သင့်အိမ်ကို နေ့စဉ် အသုံးပြုမှာတော့ မဟုတ်ပါဘူး။ TV ဇာတ်လမ်းတွေဟာ ရာသီအလိုက် ရိုက်ကူးတင်ဆက်တာ ဖြစ်တဲ့ အတွက် သင့်အိမ်ကို အခန်းဆက်တိုင်းအတွက် အသုံးပြုမှာ တော့ မဟုတ်ပါဘူး။ ဒါကြောင့် သင့်နေရာမှာ ရိုက်ကူးတာ ရက်အနည်းငယ်သာ ကြာမြင့်နိုင်ပါတယ်။

ရိုက်ကူးသူတွေ အနေနဲ့ သင့်အိမ်ကို အပြောင်းအလဲ လုပ်လိမ့်မယ်ဆိုတာကိုတော့ သတိပြုမိဖို့ လိုအပ်ပါတယ်။ ရုပ်ရှင်ရိုက်ကူးနေစဉ်အတွင်း သင့်အိမ်မှာ ထိခိုက်နိုင်ချေရှိတာကိုလည်း သတိထားဖို့ လိုအပ်ပါတယ်။ ထို့ပြင် လူများ စွာစုဝေးနေပြီး ထရပ်ကားတွေ၊ မော်တော်ကားတွေ စုဝေးနေခြင်းကလည်း သင့်ရဲ့ အိမ်နီးနားချင်း မိတ်ဆွေတွေကို စိတ်အနှောင့်အယှက်ဖြစ်စေနိုင်ပါတယ်။

TV ကြော်ငြာအတွက် တစ်ရက်ကို ၅၀၀၀၀ကျပ်ကျော် ရရှိနိုင်မှာ ဖြစ်ပါတယ်။ သင့်အိမ်ရဲ့ ပြင်ဆင်ထားမှု ပရိဘောဂ အသုံးအဆောင်တွေ

က အဆန်းတကြွယ်လှပနေမယ် ဆိုရင်တော့ ဒီ့ထက်ပိုပြီး ဝင်ငွေရမှာဖြစ်ပါတယ်။ ဒါကတော့ လူတိုင်း ရှာဖွေနေတဲ့ အရာပါပဲ။

## ၃။ သင့်အိမ်ရဲ့ ထပ်ခိုး သို့မဟုတ် မြေအောက်ခန်းကို သိုလှောင်ရုံအဖြစ် ငှားပါ

အကယ်၍ သင်ကိုယ်တိုင်လည်း အသုံးမပြုဘဲ ကျယ်ဝန်းတဲ့ ထပ်ခိုး သို့မဟုတ် မြေအောက်ခန်းရှိတယ်ဆိုရင် ၎င်းအခန်းတွေကို ကုန်ပစ္စည်း သိုလှောင်ဖို့ လိုအပ်တဲ့ သူတွေကို ငှားရမ်းနိုင်ပါတယ်။ စာချုပ်ကောင်းကောင်း ချုပ်ဖို့ တော့ လိုအပ်ပါသည် ။ မည်သူ့ကို ငှားမည်၊ မည်သည့် ကုန်ပစ္စည်းမျိုးကို သိုလှောင်ခွင့်ပြုမည်၊ မည်သည့် ကုန်ပစ္စည်းမျိုးကို သိုလှောင်ခွင့်မပြု၊ မိမိကုန်ပစ္စည်းကို ဘယ်နှစ်ကြိမ်လာရောက် စစ်ဆေးမည်၊ အခန်းငှားခ မည်မျှတောင်းမည်၊ စာချုပ်သက်တမ်း ဘယ်လောက်ချုပ်မည်၊ စရံငွေ မည်မျှပေးရမည်နှင့် စာချုပ်ဖောက်ဖျက်လျှင် မည်သို့ဖြစ်မည် စသည် ဖြင့် ထည့်သွင်းချုပ်ဆိုရမည်။ အကြီးစား စီးပွားရေးလုပ်ငန်းဖြစ်လျှင် ပိုမိုဈေးကြီးနိုင်သည် ။ သို့သော် အကျိုးကျေးဇူးတစ်ခုမှာ ငှားရမ်းသူများ သည် ၎င်းတို့ ၏ ကုန်ပစ္စည်းများကို ကြိုက်သည့် အချိန်တွင် လာရောက်သိုလှောင်နိုင်ပေသည် ။ တစ်စုံတစ်ယောက်သည် လအနည်းငယ် ခရီးသွားရန် လိုအပ်နေသည် ။ သူခရီးသွားနေစဉ်အတွင်း သူ့၏ ပစ္စည်းများကို သိမ်းဆည်းထားရန်လိုအပ်ပါက သင်၏ အိမ်မြေအောက်ခန်းသည် ငှားရမ်းဖို့ ရာ အကောင်းဆုံး ဖြစ်ပေသည် ။ သင် သိမ်းဆည်းခွင့်ပြုမည့် ပစ္စည်းသည် သင်၏ အာမခံထားရှိသည့် ပစ္စည်းများ နှင့် ကိုက်ညီမှုရှိမရှိ သို့မဟုတ် ယင်းတို့ ကို အာမခံအသစ် ပြုလုပ်ရန် လိုအပ်မှုရှိမရှိ သင့်အာမခံကုမ္ပဏီနှင့် စစ်ဆေးတိုင်ပင် သင့်ပေသည် ။ သိုလှော

င်ခန်းငှားရမ်းရန် ရှာဖွေနေသည့် သူကိုသိလျှင်တော့ အကောင်းဆုံးပင်ဖြစ်သည် ။ ထို့ကြောင့် သင့်ပတ်ဝန်းကျင်မှာ လိုက်လံမေးမြန်းစုံစမ်းခြင်း သို့မဟုတ် ကြော်ငြာစာရွက်ဝေခြင်း သို့မဟုတ် အများ ပြည်သူဖတ်ရှုနိုင်သော နေရာများ တွင် ကြော်ငြာကပ်ခြင်း စသည် တို့ ကို ပြုလုပ်နိုင်သည် ။

ပစ္စည်းမည်မျှ သိုလှောင်သိမ်းဆည်းမည်၊ အချိန်မည်မျှကြာကြာသိမ်းဆည်းမည်အပေါ် မူတည်၍ တစ်ပတ်လျှင် ကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ အထိ ရှာဖွေရရှိနိုင်ပါသည် ။

## ၄။ သင့်အိမ်ဂိုဒေါင်ကို ငှားရမ်းပါ

ဒါဟာ သင့်အိမ်ရဲ့ ထပ်ခိုး သို့မဟုတ် မြေအောက်ခန်းကိုငှားရမ်းတာနဲ့ အလားသဏ္ဍာန်တူပါတယ်။ မတူတဲ့ အချက်ကတော့ ငှားရမ်းအသုံးပြုသူတွေဟာ သင့်ရဲ့ နေထိုင်မှုကို မနှောင့်ယှက်ဘဲ သူတို့ စိတ်ကြိုက် လွယ်လွယ်ကူကူအသုံးပြုနိုင်ပါတယ်။ ငှားရမ်းအသုံးပြုသူတွေကို ဂိုဒေါင်သော့ပေးထားလိုက်မယ်ဆိုရင် ကြိုက်နှစ်သက်ရာအချိန်မှာ လိုအပ်သလိုလာရောက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

သင့်အိမ်ရဲ့ ထပ်ခိုး သို့မဟုတ် မြေအောက်ခန်းကို ငှားရမ်းသည့်နည်းတူ မည်၍ မည်မျှ သိုလောင်နိုင်သည် ၊ ငှားရမ်းခ၊ အာမခံထားရှိမှု၊ မည်သည့် အချိန်တွင် ပစ္စည်းများ လာရောက်ထားမည် စသည့် အချက်များ ပါသော စာချုပ်တစ်ခုချုပ်ဆိုရန် လိုအပ်ပါသည် ။ ပစ္စည်းမည်မျှ သိုလှောင်သိမ်းဆည်းမည်၊ အချိန်မည်မျှကြာကြာ သိမ်းဆည်းမည်၊ သင်နေထိုင်ရာနေရာ၏ ငှားရမ်းခဈေးနှုန်းအပေါ် မူတည်၍ ကျပ် ၃၀၀၀၀ ကျော် ရှာဖွေရရှိနိုင်ပါသည် ။

*****